Job Access

Driving disability employment

# အချက်အလက် သတင်းလွှာ

# မသန်စွမ်းသူများအား အလုပ်ခန့်အပ်ခြင်း

မသန်စွမ်းသူတစ်ဦးအား အလုပ်ခန့်ထားခြင်းအားဖြင့် အလုပ်နေရာတစ်ခု ဖြည့်စွက်လိုက်၍ ရရှိသည့် အကျိုးကျေးဇူးများထက်ပိုသော လုပ်ငန်းဆိုင်ရာ အကျိုးကျေးဇူးများ ရှိနိုင်ပါသည်။ ဤအကျိုးကျေးဇူးများ ရှိခြင်း၏အကြောင်းကို သြစတြေးလျနှင့် နိုင်ငံတကာလေ့လာမှုသုတေသနများမှ ထောက်ခံထားပါသည်။ မသန်စွမ်းအလုပ်သမားများသည်-

- <u>ယုံကြည် စိတ်ချရသည်</u> - မသန်စွမ်းသူများသည် အခြား အလုပ်သမားများထက် ခွင့်ယူရက်နည်းခြင်း၊ ဖျားနာခွင့်ယူမှု နည်းပါးခြင်းနှင့်လုပ်ငန်းခွင်တွင် ပိုပြီး အလုပ်မြဲမြံမှုရှိကြသည်။
- <u>လုပ်ကိုင်နိုင်စွမ်းအားကောင်းသည်</u> - သင့်တော် မှန်ကန်သော အလုပ်ရသည်နှင့် တပြိုင်နက် မသန်စွမ်းသူတစ်ဦးသည်လည်း အခြား အလုပ်သမားများ ကဲ့သို့ပင် တန်းတူညီတူလုပ်ကိုင်နိုင်ကြသည်။
- <u>စရိတ်စက သက်သာစေသည်</u> -အလုပ်သမား ခေါ်ယူခ၊အာမခံကြေးနှင့် နစ်နာကြေးဆိုင်ရာ စရိတ်စကများမှာ အခြားဝန်ထမ်းများအောက် နည်းပါးသည်။ မသန်စွမ်းဝန်ထမ်းများသည် အခြားဝန်ထမ်းများနှင့် နှိုင်းယှဉ်ပါက နစ်နာကြေး ပေးရသည့် အခြေအနေများ၊ မတော်တဆမှုဖြစ်ပွားမှုများ ပိုမိုနည်းပါးသည်။
- <u>လုပ်ငန်းအတွက် အကျိုးရှိသည်</u> -မသန်စွမ်းသူများသည် ဖောက်သည်များနှင့် ခိုင်မာသော ဆက်ဆံရေး တည်ဆောက်နိုင်ခြင်း၊ ထွေပြားစုံလင်သော လုပ်ငန်းခွင်လူအင်အားကို ကူညီဖန်တီးပေးခြင်းအားဖြင့် ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် သစ္စာရှိမှုတို့ကို မြှင့်တင်ပေးနိုင်ပါသည်။ အလုပ်သမားများ မကြာခဏ ပြောင်းလဲခြင်း၊ဝန်ထမ်းသစ်ခေါ်ယူရခြင်းနှင့် ပြန်လည်လေ့ကျင့်သင်တန်းပေး ရခြင်းတို့အတွက် ကုန်ကျရသည့် စရိတ်စကများအား လျော့နည်းစေသဖြင့် ကုန်ကျစရိတ်များကို သက်သာစေပါသည်။ မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းအားဖြင့် အဖွဲ့အစည်း ထွေပြားခြားနားမှုကို ပံ့ပိုးပေးပါသည်။ ၎င်းသည် ဝန်ထမ်းများ၊ဖောက်သည်များနှင့် လူမှုအဖွဲ့အစည်းတို့အတွင်း ကုမ္ပဏီ၏ ပုံရိပ်ကို တိုးတက်စေ၍ လုပ်ငန်း၏ ကုန်တံဆိပ် အမည်အပေါ် ကောင်းကျိုးများစွာ သက်ရောက်စေပါသည်။ မသန်စွမ်းသူများအား ခွဲခြားမှုမရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်ခြင်းသည် သင့်စီးပွားလုပ်ငန်းအား တိုးမြှင့်ပေးသော နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

### ထုတ်ဖော်ပြောကြားလိုမှုအား စီမံခန့်ခွဲခြင်း

သင့်ဝန်ထမ်းများ အနေနှင့် ၎င်းတို့၏ မသန်စွမ်းမှုနှင့် ပတ်သက်၍ သင့်အား ပြောရန်၊မပြောရန်မှာ ၎င်းတို့၏ သဘောသာ ဖြစ်သည်။ ၎င်းတို့၏ မသန်စွမ်းမှုသည် သင့်လုပ်ငန်းအား ထိခိုက်စေခြင်းမရှိလျှင် ၎င်းတို့၏ ချို့ယွင်းချက်အား ထုတ်ဖော်ပြောကြားရမည့် ဥပဒေ ပြဋ္ဌာန်းချက် မရှိပါ။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**

ဝန်ထမ်းတစ်ဦး၏ မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များသည် လူတိုင်းကို (အသိပေး မခံနိုင်သော/ မသိစေလိုသော) ပုဂ္ဂိုလ်ရေးဆိုင်ရာ အသေးစိတ် အချက်အလက်များ ဖြစ်တတ်ပါသည်။ ဝန်ထမ်းတစ်ဦးမှ သူ၏ ချို့ယွင်းချက်အား ထုတ်ဖော်ပြောကြားခဲ့ပါက သင်သည် ၎င်းတို့၏လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်အတွက် သင့်မြတ်သော လုပ်ငန်းဆိုင်ရာ ပြုပြင်ညှိနှိုင်းမှုများ သို့မဟုတ် လေ့ကျင့်သင်တန်းပေးခြင်းများ၏ ဖြစ်နိုင်ခြေတို့ကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည်။

## လုပ်ငန်းခွင်ဆိုင်ရာ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိခြင်း

လုပ်ငန်းအစီအစဉ်များအား ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိခြင်းသည် သင့်အဖွဲ့အစည်းအနေနှင့် မသန်စွမ်းသူများအပါအဝင် အလုပ်သမားများအား ဆွဲဆောင်နိုင်ရန်နှင့် ထိန်းသိမ်းထားနိုင်ရန် အထောက်အကူပြုနိုင်ပါသည်။

အကယ်၍ သင်သည် မသန်စွမ်းဝန်ထမ်းတစ်ဦးအတွက် လုပ်ငန်းခွင်ဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ပေးရန် သို့မဟုတ် အထူးကိရိယာများ ဝယ်ယူပေးရန် လိုအပ်ပါက ယင်းကုန်ကျစရိတ်ကို "အလုပ်သမား ခန့်ထားမှုဆိုင်ရာ ထောက်ပံ့ရေး ရံပုံငွေ (EAF) မှ ပြန်လည်ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

သင်သည် EAF အကြောင်းနှင့် မသန်စွမ်း အလုပ်သမားခန့်အပ်ခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ပိုမို သိရှိလိုပါက JobAccess မှတဆင့် www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်  သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ် ဖုန်း 1800 464 800 သို့ ခေါ်ဆိုဆွေးနွေးနိုင်ပါသည် -မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။